<u>တပ်အတွင်းမှ ထွက်ပြေးသောတပ်သားများကို လိုက်လံဖမ်းဆီးညှင်းပန်းနှိပ်စက်</u>

Date: 19, Feburary 2009

၃၊ ၂၊ ၂၀၀၉ မှ ယနေ့အချိန်ထိ ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်အခြေစိုက် ခလရ (၁၃၀)မှ တပ်အတွင်း ထွက်ပြေးလွတ်မြောက်သွားသော တပ်သားများကို တစ်ရွာဝင်တစ်ရွာထွက် လိုက်လံစုံစမ်းဖမ်းဆီးပြီး ညှင်းပန်း နှိပ်စက်နေကြောင်း သိရှိခဲ့သည်။

ထိုတပ်သားများသည် ပလောင်လူငယ်များဖြစ်ပြီး ယခင်က မန်တုံမြို့နယ်အခြေစိုက် ခလရ(၁၃၀) ဗိုလ်ကြီး တင်မောင်ဝင်း မှ တပ်အတွင်းဝင်ရောက်ရန် ဦးစီး ပြီး စည်းရုံးခဲ့သော လူငယ်များဖြစ်သည်။ ထိုသို့ထွက်ပြေးသွား သော လူငယ်များမှာလည်း တပ်အတွင်း စားဝတ်နေ ရေးပြေလည်မှုမရှိခြင်း၊ မိမိတို့လူမျိုးများကိုလည်း ခွဲခြားဖိနှိပ်ဆက်ဆံ သည့်ပြင် တချို့တပ်သားများမှာ မိမိတို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသ၏ လုံခြုံရေး အတွက် တာဝန်ယူရမည် ဟူသော လိမ်လည်စည်းရုံးမှုအား သိရှိသဖြင့် ထွက်ပြေးခဲ့ရကြောင်း သိရှိခဲ့သည်။

ထိုအဖွဲ့သည် အဖွဲ့သုံးဖွဲ့ခွဲပြီး မန်တုံနယ်တစ်ဝိုက်အတွင်းရှိ ပလောင်ကျေးရွာများကို တစ်ရွာဝင်တစ်ရွာထွက်ပြီး ထွက်ပြေးသွားသောတပ်သားများကို မိမိတို့နေအိမ်ရွာအတွင်း ပုန်းရှောင်ခွင့်နေထိုင်ခွင့်ပေးပါက ဖမ်းဆီးအရေး ယူပြီး ငွေဒဏ်ပါပေးဆောင်ရမည်ဟု လိုက်လံခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း သိရှိခဲ့သည်။

ထိုသို့လိုက်လံခြိမ်းခြောက်ခဲ့သည့်အပြင် ရောက်ရှိခဲ့သောရွာတိုင်းရှိ ရွာသားများမွေးမြူထားသည့် ကြက်များ အား အတင်းအဓမ္မဖမ်းဆီးပြီး ကျေးရွာအတွင်းရှိ ရွာလူကြီးများကို ၄င်းတို့အတွက် ချက်ပြုတ်ကျွေးခိုင်းခဲ့ ကြောင်းသိရှိခဲ့သည်။

ထိုပြင် ထွက်ပြေးသွားသောတပ်သားများ၏ရွာများကို သွားရောက်ခဲ့ပြီး သူတို့၏မိဘများကိုလည်း မိမိတို့သား အား နိုင်ငံတော်အား သစ္စာဖောက်သဖြင့် ကြီးမားသောပြစ်ဒဏ်ကျူးလွန်သောကြောင့် ဖမ်းဆီးအရေးယူခံရ မည်ဟု ခြိမ်း ခြောက်ပြောဆိုခဲ့ကြောင်းသိရှိခဲ့သည်။

ကျေးရွာလူကြီးတစ်ဦး၏ပြောပြချက်အရ "ကျွန်တော်တို့ရွာမှာဆို ပလောင်ပြည်သူစစ်တွေရှိတယ် ရွာရဲ့လုံခြုံရေး ကိုကာကွယ်ဖို့ ပြည်သူစစ်ဖွဲ့တာဖြစ်တယ် တစ်စိမ်းတစ်ယောက်က ကျွန်တော်တို့ရဲ့ရွာကို တရားမဝင်လာပြီး ခို လှုံ တယ်ဆိုရင် ကျွန်တော်တို့မှာတာဝန်ရှိတယ် အခုကျတော့မဟုတ်ဘူး သူတို့ကဘဲရွာကို ကြိုက်သလို ဝင် ရောက်ပြီး တော့ သူတို့ရဲ့အမိန့်ကိုဘဲ ကျေးရွာလူကြီးရော ပြည်သူစစ်တွေပါ လိုက်နာဆောင်ရွက်နေရတယ်" ဟု ပြောဆိုခဲ့ သည်။

မန်တုံအခြေစိုက် ခလရ (၁၃၀) မှ ပလောင်ကျေးရွာများတွင် ယခုချိန်ထိတိုင် လူငယ်များအား စစ်ထဲဝင်ရန် အတင်းအဓမ္မ ဆက်လက်ကောက်ခံနေကြောင်းနှင့် ယင်းကဲ့သို့ကောက်ခံခြင်းများအား ၂၀၀၈ စက်တင်ဘာမှ ယခုချိန်ထိ ပလောင်ဒေသအတွင်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။


**တအာင်းကျောင်းသားနှင့် လူငယ်များ အစည်းအရုံး**

**သတင်းနှင့် ပြန်ကြားရေးဌာန**

**ဆက်သွယ်ရန်** – (၆၆) ၀၈၀ ၁၁၈ ၄၄၇၉

(၆၆) ၀၈၄ ၈၁၇ ၂၅၂၅